၁၉၆၀ ပြည့်နှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၆။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၆၀ ပြည့်နှစ်၊ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။၁၉၅၃ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး အက်ဥပဒေ၏အခန်း ၇ နောက်၌ အောက်ပါကို အခန်း ၇-က အဖြစ်ဖြင့် ထည့်သွင်းရမည်။

"အခန်း ၇-က။

ရန်ကုန်ရေပေးရေး အလုပ်အဆောင်များ အက်ဥပဒေ အာဏာသက်ရောက်စေခြင်း။

၇ဂ-က။ ။နိုင်ငံတော်သမ္မတက၊ ရန်ကုန်ရေပေးရေး အလုပ်အဆောင်များ အက်ဥပဒေ (The Rangoon Waterworks Act) ပုဒ်မ ၃ မှတပါး၊ ၎င်းအက်ဥပဒေရှိ အခြားပြဋ္ဌာန်းချက်များသည်၊ ခရိုင်ကောင်စီ၊ သို့တည်းမဟုတ် မြို့မကောင်စီအုပ်ချုပ်ရာ အရပ်ဒေသတခုခုတွင် အာဏာသက်ရောက်စေရမည်ဟု အဓိပ္ပာယ်ကြောင်ငြာစာထုတ်ပြန်ရှုကျေညာနိုင်သည့်ပြင်၊ ထိုပြဋ္ဌာန်းချက်များသည်၊ ၎င်းတို့၏အရင်းခံအချက်များကို မထိခိုက်စေသော သင့်တင့်ဆီလျော်သည့် မည်သို့သောပြုပြင်ချက်များဖြင့်၊ ထိုဒေသတခုခုနှင့် သက်ဆိုင်စေရမည်ဟုလည်း အဆိုပါအဓိပ္ပာယ်ကြောင်ငြာစာဖြင့်ကျေညာနိုင်သည်။"

အတိုး—၁၀ ပြား]
ပါမောက္ခစာ—အမှတ် ၁၁၇၊ တရားရေးဝန်ကြီးဌာန၊ ၂၄-၅-၆၀—၂,၂၀၀+၃,၀၀၀—၂။